ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
လျှောက်လွှာခေါ်ယူခြင်း
၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)တန်း အလုပ်ရုံစိတ်မှူး(စက်မှု) (လျှပ်စစ်) (၄၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထား နိုင်ပါသည်-

| ခန့်ထားမည့်ရာထူး | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|
| အလုပ်ရုံစိတ်မှူး (စက်မှု) | A.G.T.I (MP, MT, Mechatronic) | ကျား (၃၀)ဦး၊ မ (၄)ဦး |
| အလုပ်ရုံစိတ်မှူး(လျှပ်စစ်) | A.G.T.I (EC, EP, Mechatronic) | ကျား (၆)ဦး |

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၁-၄-၂၀၂၂)နေ့တွင် အသက် (၃၀)နှစ် (ဝန်ထမ်းဖြစ်ပါက (၃၅နှစ်) ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို မြန်မာ့မီးရထား Website ဖြစ်သော www.myanmarailways.gov.mm ၏ homepage တွင် download ရယူ၍လည်းကောင်း၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီး၊ ရန်ကုန်ဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း) တိုင်း(၇)ရန်ကုန်ရုံး၊ မန္တလေးဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်း(၃)မန္တလေး ရုံးတို့တွင်လည်းကောင်း ရယူနိုင်ပါသည်။

၄။ လျှောက်ထားသူများသည် သတ်မှတ်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
(ခ) လွန်ခဲ့သော(၁)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးရန်)
(ဂ) ပညာအရည်အချင်းအတွက် ဘွဲ့၊ ဒီပလိုမာအောင်လက်မှတ်မိတ္တူနှင့် တက္ကသိုလ် ဝင်တန်း (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဃ) နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) မဟုတ်သူများအတွက် သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင် ကဒ်ပြားမိတ္တူ
(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက် (မူရင်း)

၅။ လျှောက်လွှာများကို မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ(စက်မှုနှင့်လျှပ်စစ်)ထံလိပ်မူ၍ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီးသို့ (၉-၅-၂၀၂၂)နေ့ နောက်ဆုံး ထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှမှတ်ပုံတင်၍ ပေးပို့လျှောက်ထားရမည်။ နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း)ဖြစ်လျှင် သက်ဆိုင်ရာအဖွဲ့အစည်းအကြီးအကဲမှတဆင့် ပေးပို့လျှောက်ထားရမည်။ ကြိုတင် လျှောက်လွှာတစ်စောင်ကို ဓါတ်ပုံအပို(၃)ပုံနှင့်အတူ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာ ဌာန၊ မှုထမ်းဌာနစိတ်၊ နေပြည်တော်ဘူတာကြီးသို့ နောက်ဆုံးထားပေးပို့ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် အောက်ပါအတိုင်းကျင်းပပြုလုပ်မည်-

| | နေ့ရက် | ဘာသာ | အချိန် |
|---|---|---|---|
| (က) | ၁၅-၅-၂၀၂၂ | မြန်မာစာ | နံနက်(၉:၀၀)မှ (၁၁:၀၀)နာရီအထိ |
| (ခ) | ၁၅-၅-၂၀၂၂ | အင်္ဂလိပ်စာ | နံနက်(၁၂:၀၀)မှ (၁၄:၀၀)နာရီအထိ |
| (ဂ) | ၁၅-၅-၂၀၂၂ | အထွေထွေဗဟုသုတ | နံနက်(၁၅:၀၀)မှ (၁၇:၀၀)နာရီအထိ |

၇။ စာမေးပွဲဖြေဆိုခွင့် ကဒ်ပြားများကို (၁၂-၅-၂၀၂၂) မှ (၁၃-၅-၂၀၂၂)ရက်နေ့အထိ ရုံးချိန်အတွင်း ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကဒ်ပြား ၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကဒ်(မူရင်း) များပြသ၍ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီး တွင်ထုတ်ယူနိုင်ပါသည်။ ဝင်ခွင့်စာမေးပွဲကဒ်ပြား ထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့် နေရာကို ကြော်ငြာထားပါမည်။

၈။ မြန်မာ့မီးရထားတွင် အနည်းဆုံး(၁၀)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်ရမည်။

၉။ ရေးဖြေအောင်မြင်ပါက လူတွေ့စစ်ဆေးမှုဆက်လက်ပြုလုပ်မည်ဖြစ်သည်။ ဖြေဆိုခွင့်ရရှိသူများ စာရင်း၊ ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်စာရင်း ၊ လူတွေ့ဖြေဆိုရမည့် နေ့ရက် နေရာနှင့်အချိန် ၊ ရွေးချယ်ခံရသူများစာရင်းတို့အား မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီးတွင်လည်းကောင်း၊ မြန်မာ့မီးရထား Websiteတွင် လည်းကောင်း ကြော်ငြာပေးမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်) စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၆၇-၇၇၁၂၆၊ ၀၆၇-၇၇၁၄၆ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထား

စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန

အလုပ်ရုံစိတ်မှူး(စက်မှု)(လျှပ်စစ်)ရာထူးလျှောက်လွှာ

လျှောက်ထားသည့်ရာထူး     အလုပ်ရုံစိတ်မှူး(စက်မှု) ☐ (လျှပ်စစ်) ☐

| | | | |
|---|---|---|---|
| ၁။ | အမည် | - | ------------------------------------------------------ |
| ၂။ | အဘအမည်နှင့်အလုပ်အကိုင် | - | ------------------------------------------------------ |
| ၃။ | နိုင်ငံသားစိစစ်ရေးကဒ်အမှတ် | - | ------------------------------------------------------ |
| ၄။ | မွေးသက္ကရာဇ် | - | ------------------------------------------------------ |
| ၅။ | လူမျိုး/ဘာသာ | - | ------------------------------------------------------ |
| ၆။ | ပညာအရည်အချင်း | - | ------------------------------------------------------ |
| ၇။ | အမြဲတမ်းနေရပ်လိပ်စာ | - | ------------------------------------------------------ |
| | | - | ------------------------------------------------------ |
| ၈။ | ဆက်သွယ်ရန်ဖုန်းနံပါတ် | - | ------------------------------------------------------ |
| ၉။ | ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ | - | ------------------------------------------------------ |
| | ဌာန/စက်ရုံ | - | ------------------------------------------------------ |

အထက်ပါ အချက်အလက်များ မှန်ကန်ကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်။

(လျှောက်ထားသူ)

လက်မှတ် -

အမည် -